ဆရာဒဂုန်တာရာ၏ ၉၉ နှစ်ပြည့် မွေးနေ့အမှတ်တရ

စိတ်ကူးချိုချိုအနုပညာ

# ဒဂုန်တာရာ

## သမ္မာဇီဝနှင့်နုပျိုသော
## စာပေအနုပညာဘဝ



mgyoe.com

mgyoe.com

# ဒဂုန်တာရာ

## သမ္မာဇီဝနှင့်နုပျိုသော စာပေအနုပညာဘဝ

လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုတွင် လူငယ်ပိုင်း၊ လူလတ်ပိုင်း၊ လူကြီးပိုင်းတို့ ပေါင်းစပ်ကာ လှုပ်ရှားသကဲ့သို့ပင် စာပေအနုပညာတို့၏ သမိုင်းအစဉ်အဆက် ဖြစ်ပေါ်လာပုံကိုလည်း ယင်းသဘောမျိုးဖြင့် ကြည့်နိုင်သည်။

စာပေသမိုင်းခေတ်များတွင် အဖူးအညွန့်များ၊ အပွင့်များရင့်လာသော အရောင်ရင့်အပွင့်များ စသည်ဖြင့် ပေါင်းစပ်ကြရပေသည်။ နုပျိုသော စာပေဘဝကိုကား၊ နုပျိုသော အနုပညာရှင်များက စတင်ပျိုးထောင် ဖန်တီးလာကြသည်။ လူငယ်တို့၏ သဘာဝအတိုင်း ဆန်းသစ်မှုကိုချစ်သည်။ အလှအပကို ချစ်သည်။ ရဲရင့်ကြသည်။ ထို့ကြောင့်ပင် ရဲရင့်စွာဖြင့် ဆန်းသစ်ကြသည်ကို တွေ့နိုင်ပေသည်။

စာပေခေတ်များ(ဝါ)စာပေလှုပ်ရှားမှုကိုကြည့်လျှင် ဒီသဘောကို တွေ့နိုင်သည်။ ခေတ်စမ်းစာပေပေါ်စ လွန်ခဲ့သော အနှစ်၅၀ကျော် ၆၀က ခေတ်စမ်းစာပေ ပညာရှင်များမှာ ကျောင်းသားလူငယ်များ ဖြစ်ကြသည်ကို တွေ့ရသည်။ နုပျိုသောစာပေဘဝတွင် တက်ကြွခြင်း၊ ရဲရင့်ခြင်း၊ ဆန်းသစ်ခြင်း၊ အလှအပကို ဖန်တီးခြင်း အမှန်တရားကိုရှာဖွေခြင်း စသော ဝိသေသ(ဝါ)နုပျိုသော ဘဝ၏ ဝိသေသကိုတွေ့နိုင်ပေသည်။

---

မျက်နှာဖုံးမှာ ဆရာငြိမ်းအေးအိမ် ရိုက်ကူးခဲ့သော အဆိုတော်ထူးအိမ်သင်နှင့်တွေ့စဉ်ဓာတ်ပုံကို အမှတ်တရအဖြစ် ပန်းချီဆရာ တော်တီဆွေက မျက်နှာဖုံးဒီဇိုင်းပြုလုပ်ထားခြင်းဖြစ်ပါသည်။ အသုံးပြုခွင့်ပေးသော ဆရာငြိမ်းအေးအိမ်ကို အထူးကျေးဇူးတင်ရှိပါသည်။

DGT0005
1,500.00 KS

mgyoe.com

သမ္မာဇီဝနှင့်နှပျိုးသောစာပေအနုပညာဘဝ၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၀၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# သမ္မာဒိဋ္ဌိနှင့် နှုပျိုသောစာပေအနုပညာဘဝ ဒဂုန်တာရာ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ နုပျိုသောစာပေနှင့် အနုပညာသည်ဘဝ ၁

၂။ စာပေခေတ်နှင့် ပွင့်သစ်စ ၇

၃။ နုပျိုသောစာပေဘဝနှင့် ပြင်ပကမ္ဘာ ၁၃

၄။ နုပျိုသောစာပေအနုပညာဘဝနှင့်
အသက်မွေးဝမ်းကျောင်းမှု ၁၈

၅။ နုပျိုသောစာပေအနုပညာဘဝနှင့် ဒုတိယအရွယ်(၁) ၂၄

၆။ နုပျိုသောစာပေအနုပညာဘဝနှင့် ဒုတိယအရွယ်(၂) ၂၉

၇။ နုပျိုသောစာပေဘဝနှင့် အသက်မွေးဝမ်းကျောင်းအလုပ်၏
ဩဇာသက်ရောက်မှု ၃၈

၈။ ဘဝပုံသဏ္ဌာန်နှင့် ပထမအရွယ် ၄၄

၉။ အသက်မွေးဝမ်းကျောင်းမှုအလုပ်အကိုင်နှင့်
အနုပညာဖွံ့ဖြိုးခြင်း ၅၁

၁၀။ အသက်မွေးဝမ်းကျောင်းနှင့် လူ့သဘာဝ ၅၉


mgyoe.com

mgyoe.com

၁၁။ လူ့သဘာဝနှင့်အသက်မွေးဝမ်းကျောင်းမှု ပုံသဏ္ဌာန် ၆၇
၁၂။ သမ္မာအာဇီဝနှင့် ဘဝပုံသဏ္ဌာန် ၇၃
၁၃။ သမ္မာအာဇီဝနှင့် အနုပညာ ၈၀
၁၄။ ကျောင်း–အသက်မွေးနှင့် အတွေးအခေါ် ၈၄
၁၅။ ကံ့ကော်ပွင့်၊ ချွေးနံ့၊ ကြေးစည်သံ ၉၄
၁၆။ ငြိမ်းချမ်းခြင်း တရားဓမ္မအစစ် ၉၈

❑

mgyoe.com

mgyoe.com

# နပျိုသောစာပေနှင့် အနုပညာသည်ဘဝ

## (က)

လူတို့၏ သက်တမ်းသဘာဝကို အကြမ်းအားဖြင့် သုံးပိုင်းပိုင်းခြားတတ်ကြသည်ကို တွေ့ရသည်။ လူငယ်၊ လူလတ်၊ လူကြီး၊ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍လည်း ခေါ်ကြသည်။ ပထမအရွယ်တွင် ပညာရှာကြရသည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာရသည်။ တတိယအရွယ်တွင် တရားရှာရသည်ဟု ရှေးလူကြီးတို့ အဆိုရှိကြသည်။

ရှေးလူကြီးတို့သည် သူတို့၏ အတွေ့အကြုံဖြင့် သိမြင်ထားသောအမြင်ကို ဖော်ပြခြင်းဖြစ်သည်။ ယင်းအဆိုသည် မှတ်သားဖွယ်ရာဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်ကတည်းက ကြားဖူးနေသော အဆိုဖြစ်သည်။ သို့သော် ရှေးလူကြီးဆိုရာတွင် မည်သို့သော ခေတ်ကာလက ရှေးလူကြီးဆိုသည်ကို မှန်းဆရန်ခက်သည်။ ကုန်းဘောင်ခေတ်ကလား၊ အင်းဝခေတ်ကလား၊ တောင်ငူခေတ်ကလား၊ ဟံသာဝတီခေတ်ကလား၊ မန္တလေးခေတ်ကလား မသိပေ။ အစဉ်အဆက် ပြောဆိုလာသော စကားရပ်ကားဖြစ်မည်။ မည်သို့ပင်ဆိုစေ ယင်းအဆိုကို အခြေပြု၍လူငယ်၊

mgyoe.com

mgyoe.com


လူလတ်၊ လူကြီးဟူသော အရွယ်တို့၏ အဆုံးကဏ္ဍကို လေ့လာကြည့်ရှုသင့်ပေသည်။

(ခ)

မည်သည့်ခေတ်တွင်ပင်ဖြစ်စေ၊ လူငယ်၊ လူလတ်၊ လူကြီးဟူသော အရွယ်သုံးပါးရှိ အသက်အရွယ်မတူသော လူများ၊ အတူယှဉ်တွဲနေထိုင်လျက်ရှိကြသည်သာ ဖြစ်သည်။

ယင်းလူငယ်၊ လူလတ်၊ လူကြီးပါဝင်သောလူ့အဖွဲ့အစည်းသည် သူတို့၏ခေတ်ပြိုင် လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်လျက်ကား ရှိနေပေသည်။ လူငယ်ဆိုသည်မှာ နုပျိုဖူးပွင့်စ အရွယ်ကာလဖြစ်သည်။ လူလတ်ဆိုသည်မှာ နုပျိုဖူးပွင့်ပြီးနောက် ရင့်စပြုလာသော အရွယ်ကာလဖြစ်သည်။ လူကြီးပိုင်းဆိုသည်မှာ ယင်းအရွယ်နှစ်ရပ်ကို ကျော်လွန်၍ ကြီးရင့် အိုမင်းလာသောအရွယ်ကာလ ဖြစ်သည်။ လူ့အဖွဲ့အစည်းဆိုသည်မှာလည်း လူငယ်၊ လူလတ်၊ လူကြီးကို ပေါင်းစပ်ထားသော လူ့အဖွဲ့အစည်းဖြစ်သည်။

ယင်းသို့ပေါင်းစပ်လှုပ်ရှားရာတွင် လူငယ်သည်လည်း လူငယ်၏သဘာဝ၊ လူငယ်၏ဝိသေသဖြင့်၊ လူလတ်သည်လည်း လူလတ်၏သဘာဝ၊ လူလတ်၏ ဝိသေသဖြင့်၊ လူကြီးသည်လည်း လူကြီး၏သဘာဝ လူကြီး၏ဝိသေသဖြင့် လှုပ်ရှားကြသည်သာဖြစ်သည်။ လူငယ်၊ လူလတ်၊ လူကြီး၏ သဘာဝဝိသေသတို့ကားအဘယ်နည်း။ လူငယ်သည် နုပျိုတက်ကြွသည်။ ရိုးသားသည်။ ဆန်းသစ်တီထွင်ချင်သည်။ အလှအပကိုချစ်သည်။ ငြိမ်းချမ်းရေးကိုမြတ်နိုးသည်။ ရဲရင့်သည်။ အမှန်တရားကိုချစ်သည်။ မတရားမှုကိုမကြိုက်။ ဤသည်တို့ကား လူငယ်တို့၏ ဝိသေသများဖြစ်သည်။

လူလတ်သည် လူငယ်ဘဝမှ တဖြည်းဖြည်း ကြီးပြင်းလာပြီဖြစ်၍

mgyoe.com

mgyoe.com


လူငယ်ဝိသေသများရှိသည်။ လူလတ်အရွယ်သို့ ရောက်လာသောအခါ ဤဝိသေသများသည် ခိုင်မာလာသည်။ လူလတ်တို့သည် လူငယ်ဘဝက ပျိုးထောင်မှုကောင်းသလောက် ပို၍အရည်အသွေး တောက်ပလာခဲ့ကြပေသည်။ လူကြီးတို့သည်ကား သမိုင်းအဆက်ဆက်ကို ဖြတ်သန်းလာခဲ့ရသည်ဖြစ်၍ အတွေ့အကြုံကြွယ်ဝလာသည်။ အတွေ့အကြုံကိုမှီ၍ အတွေ့အကြုံအသိ ရှိလာတတ်သည်။ ချင့်ချိန်တွက်ဆသည်။ ဤကား တန်ဖိုးဖြစ်သည်။ သို့သော် လူငယ်ဘဝ၊ လူလတ်ဘဝလောက်တော့ တက်တက်ကြွကြွ စွမ်းစွမ်းတမံ မလုပ်နိုင်ကြတော့။

သို့သော် သူတို့၏ အတွေ့အကြုံကို လူငယ်၊ လူလတ်တို့ထံသို့ ဆင့်ပွားဝေငှ ပေးနိုင်ရပေမည်။ လူငယ်၊ လူလတ်တို့အား သမိုင်းအမွေအနှစ်ကောင်း ပေးနိုင်ခြင်းသည် လူကြီးတို့၏ အဖိုးမဖြတ်နိုင်သော တန်ဖိုးဖြစ်သည်။ အကယ်၍ ဤတန်ဖိုးများမရှိလျှင်လည်း လူကြီးသည် ဘာမျှသမိုင်းအား အထောက်အကူ၊ အထောက်အပံ့ ပြုနိုင်တော့မည် မဟုတ်ပေ။

လူငယ်၊ လူလတ်ဘဝက ထက်မြက်သော အတွေ့အကြုံ ပျိုးထောင်မှုကောင်းမှသာလျှင် လူကြီးသည် လူငယ်၊ လူလတ်တို့၏ စံနမူနာယူနိုင်သောအဆင့်သို့ ရောက်မည်ဖြစ်ပေသည်။ ဤသည်ကား လူငယ်၊ လူလတ်၊ လူကြီးတို့၏ ကောင်းသောဝိသေသများဖြစ်သည်။ ဤကောင်းသော ဝိသေသများ ပေါင်းစပ်၍ လူ့အဖွဲ့အစည်းကြီး၏ လှုပ်ရှားမှုတွင် ပါဝင်ပေါင်းစပ်ပါမှ လူ့အဖွဲ့အစည်း ကောင်းစွာတိုးတက် ရှင်သန်နိုင်ပေသည်။ ငြိမ်းချမ်းသာယာ စည်ပင်ဝပြောသော လူ့အဖွဲ့အစည်း အဖြစ်သို့ ရောက်နိုင်ပေမည်။

လူငယ်၊ လူလတ်၊ လူကြီးတို့၏ အသက်အပိုင်းအခြားကို ဖြတ်ရာ၌ကား အနည်းအကျဉ်း တစ်ယောက်နှင့်တစ်ယောက် ခြားနားပေမည်။

mgyoe.com

mgyoe.com


လူငယ်ဘဝကို အသက် ၄၀ အထိယူ၍၊ လူလတ်ဘဝကို ၄၀ မှ ၆၀ အထိ၊ လူကြီးဘဝကို ၆၀ ကျော်မှ ၇၀ ကျော်အထိ ယူနိုင်ပေသည်။

ရှေးလူကြီးများ သတ်မှတ်သော ပထမအရွယ်ဟူသည်ကား အသက် ၃၀ပတ်ဝန်းကျင်ဟု ဆိုနိုင်သည်။ ပညာရှာသောအရွယ်ဟု ဆိုထားရာ ဤအရွယ်သည် ပညာရှာသောအရွယ်ပင် ဖြစ်ပေသည်။ ၂၀ကျော်၊ ၃၀အရွယ် ခန့်မှန်းရသည်။

ယင်းသို့ လူငယ်၊ လူလတ်၊ လူကြီးတို့ ပေါင်းစပ်ရာတွင် တစ်ပိုင်းနှင့်တစ်ပိုင်း နားလည်မှုရှိရန်လိုသည်။ လူငယ်သည် ဆန်းသစ်မှုပြုရာတွင် တက်ကြွသည်။ ရဲရင့်သည်။ လူကြီးပိုင်းကား မိမိ၏ဖြတ်သန်းခဲ့ရသော အတွေ့အကြုံကို လိုသည်ထက်ပို၍ အထင်ကြီးတတ်သည်။ ထိုအခါ လက်ရှိမိမိဘဝကို အခြေပြု၍ တွေးခေါ်တတ်သည်။

ပတ်ဝန်းကျင်ခေတ်ကို သတိမပြုဘဲ၊ သို့မဟုတ် မျက်ကွယ်ပြု၍ အသစ်အဆန်းကို ငြင်းပယ်တတ်သည်။ ရှေးဟောင်းအစဉ်အလာကို ဖက်တွယ်စွဲလမ်းနေတတ်သူများ ဖြစ်တတ်သည်။ ဤအတွေးအခေါ်ကို ရှေးရိုးစွဲ အတွေးအခေါ်ဟူ၍လည်း ခေါ်ကြသည်။ အစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဝါဒ ကွန်ဆာဗေးတစ်ဇင်းဝါဒ ဖြစ်ပေသည်။

လူငယ်တို့၏ လွတ်လပ်စွာဆန်းသစ်မှုကို ငြင်းပယ်တတ်သော သဘောရှိသည်။

မြန်မာပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ကြည့်လျှင် လူငယ်တို့သည် သမိုင်းခေတ်ကို ရှေ့ဆောင်သူများဖြစ်နိုင်ကြသည်ကို တွေ့ရပေမည်။ စံအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုပင်ကြည့်၊ ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝက အသက်၂၀အရွယ်တွင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ဖြစ်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းသည် ထိုခေတ်က တိုးတက်လာသော စာပေနှင့်အတွေးအခေါ်ကို ကိုယ်စားပြုသော စာပေ

mgyoe.com

mgyoe.com


မဂ္ဂဇင်းတစ်စောင် ဖြစ်ခဲ့သည်။ သူ့အသက် ၂၃နှစ်။

၂၄ နှစ်အရွယ်တွင် တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေ အတွင်းရေးမှူးဖြစ်ခဲ့သည်။ ထို့နောက် တစ်ဆက်တည်းပင် လွတ်လပ်ရေးကို ကြိုးပမ်းသော၊ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်သော ဗမာ့ထွက်ရပ်ဂိုဏ်း၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။

ထိုအခါ သူ၏နိုင်ငံရေးလုပ်ရပ်သည် ကျယ်ပြန့်လာသည်ဟုဆိုနိုင်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းမှာ တပ်ပေါင်းစုတစ်ရပ်ဖြစ်သည်။ တပ်ပေါင်းစုထဲတွင် လူလတ်ပိုင်းများ၊ လူကြီးပိုင်းများ ပါဝင်သည်။ လူငယ်နှင့် လူလတ်ပေါင်းစပ်ခြင်း သဘောဟုဆိုနိုင်သည်။ ထို့နောက် ၂၅နှစ်အရွယ်တွင် သူသည် ဂျပန်ပြည်သို့ စွန့်စားသွားရောက်ကာ ရဲဘော်သုံးကျိပ်ကို ဖွဲ့စည်းသည်။ အသက် ၂၇နှစ်တွင် ဗမာ့တပ်မတော်၏ စစ်သေနာပတိ ဖြစ်လာသည်။

စစ်ပြီးသောအခါ သူ့အသက် ၃၀အရွယ်တွင် လွတ်လပ်ရေးတိုက်ပွဲ၏ တပ်ဦးဖြစ်သော ဖဆပလ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌဖြစ်လာသည်။ ဤသည်ကိုကြည့်လျှင် ဦးအောင်ဆန်း၏ သမိုင်းသင်္ကေတရုပ်ပုံကိုကြည့်၍ သမိုင်းခေတ်ကို လူငယ်တို့ရှေ့ဆောင်ခဲ့သည်ကို တွေ့နိုင်သည်။

ယနေ့တိုင်ပင် ဦးအောင်ဆန်းသည် လူငယ်တို့သက္ကာရပြုရာ ရုပ်ပုံလွှာဖြစ်သည်ကို တွေ့နိုင်ပေသည်။

(၈)

လူတို့၏ ဘဝသက်တမ်းတွင် လူငယ်၊ လူလတ်၊ လူကြီး သို့မဟုတ် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် စသည်အား ဖြင့်ပိုင်းခြားသည့်သဘောဖြင့် စာပေဘဝ၊ အနုပညာဘဝတွင်လည်း ပိုင်းခြား၍ရသည်ဟု ထင်ပေသည်။ စာပေသမိုင်းခေတ်တွင် နုပျိုသော စာပေ၊ နုပျိုဖူးပွင့်ရာမှ ရင့်လာသောစာပေ၊ စသည်အားဖြင့် သတ်မှတ်၍ စိစစ်ကြရ

mgyoe.com

mgyoe.com


မည်ထင်သည်။ လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုတွင် လူငယ်ပိုင်း၊ လူလတ်ပိုင်း၊ လူကြီးပိုင်းတို့ ပေါင်းစပ်ကာ လှုပ်ရှားသကဲ့သို့ပင် စာပေအနုပညာတို့၏ သမိုင်းအစဉ်အဆက် ဖြစ်ပေါ်လာပုံကိုလည်း ယင်းသဘောမျိုးဖြင့် ကြည့်နိုင်သည်။

စာပေသမိုင်းခေတ်များတွင် အဖူးအညွှန့်များ၊ အပွင့်များရင့်လာသော အရောင်ရင့်အပွင့်များ စသည်ဖြင့် ပေါင်းစပ်ကြရပေသည်။ နုပျိုသော စာပေဘဝကိုကား၊ နုပျိုသော အနုပညာရှင်များက စတင်ပျိုးထောင်ဖန်တီးလာကြသည်။ လူငယ်တို့၏ သဘာဝအတိုင်း ဆန်းသစ်မှုကိုချစ်သည်။ အလှအပကို ချစ်သည်။ ရဲရင့်ကြသည်။ ထို့ကြောင့်ပင် ရဲရင့်စွာဖြင့် ဆန်းသစ်ကြသည်ကို တွေ့နိုင်ပေသည်။

စာပေခေတ်များ(ဝါ)စာပေလှုပ်ရှားမှုကိုကြည့်လျှင် ဒီသဘောကို တွေ့နိုင်သည်။ ခေတ်စမ်းစာပေပေါ်စ လွန်ခဲ့သော အနှစ်၅၀ကျော် ဖိဝက ခေတ်စမ်းစာပေ ပညာရှင်များမှာ ကျောင်းသားလူငယ်များ ဖြစ်ကြသည်ကို တွေ့ရသည်။ နုပျိုသောစာပေဘဝတွင် တက်ကြွခြင်း၊ ရဲရင့်ခြင်း၊ ဆန်းသစ်ခြင်း၊ အလှအပကို ဖန်တီးခြင်း အမှန်တရားကိုရှာဖွေခြင်း စသော ဝိသေသ(ဝါ)နုပျိုသော ဘဝ၏ ဝိသေသကိုတွေ့နိုင်ပေသည်။

ကလျာမဂ္ဂဇင်း အမှတ် ၅၄၊
ဩဂုတ် ၁၉၈၉။

❑

mgyoe.com

mgyoe.com

## စာပေခေတ်နှင့် ပွင့်သစ်စ

### (က)

လူငယ်၊ လူလတ်၊ လူကြီးစသည်ဖြင့် လူ့ဘဝ၏သက်တမ်းကို သတ်မှတ်ပိုင်းခြားကြသည်။ အနုအရင့်သဘာဝကို တိုင်းတာသည့်သဘော ဟု ဆိုရမည်။ လူငယ်ဘဝသည် နုပျိုတက်ကြွသည်။ လူလတ်ဘဝသည် လူငယ်ဘဝက ပျိုးထောင်ပေးလိုက်သော နုပျိုတက်ကြွမှုတို့ကို ပို၍ အားဖြည့်ထားလိုက်သည်။

လူကြီးဘဝသည် လူငယ်၊ လူလတ်ဘဝကို ကျော်လွန်၍ ရင့်သန်လာသောကာလဟု ဆိုကြရမည်။ အနုပညာဘဝ၊ စာပေဘဝကိုလည်း ဤသို့ဖြင့် အနုအရင့်ပိုင်းခြားသတ်မှက်ကာ အကဲဖြတ်ကြရသည်။ ဤသို့ပိုင်းခြားသတ်မှတ်ခြင်းမှာ အနုအရင့်သဘောကို တိုင်းတာသည့် အကဲဖြတ်မှုတစ်ရပ် ဖြစ်သည်။

မည်သည့်အရာကိုဖြစ်စေ တိုင်းတာသည့်သဘောဖြင့် ဆန်းစစ်တွက်ဆကြရသည်။ တစ်ပြေးညီတည်း၊ တစ်သမတ်တည်း မဟုတ်ဘဲ ပြောင်းလဲတည်ရှိနေသည့်အတွက် ယင်းသို့ပြောင်းလဲလာခြင်းကို တိုင်းတာကြရသည်။

mgyoe.com

mgyoe.com


အနုအရင့်၊ အကြီးအငယ်၊ အကျဉ်းအကျယ်၊ အသေးအကြီး၊ အတိုအရှည် စသည်အားဖြင့် ခေါ်ဝေါ်ကြသော စကားလုံးများမှာ တိုင်းတာသည့် အဓိပ္ပာယ်သက်ရောက်ပေသည်။

ယင်းသို့ တိုင်းတာကြရသည်မှာ အရာခပ်သိမ်း တူညီသည် မဟုတ်ဘဲ အမျိုးမျိုးအထွေထွေ ရှိသောကြောင့်သာလျှင် ဤစကားလုံးများဖြင့် ခေါ်ဝေါ်ကာ တိုင်းတာကြခြင်းဖြစ်သည်။

သာမန်အကဲဖြတ်ခြင်းဟု ဆိုရပေမည်။ လူငယ်၊ လူလတ်၊ လူကြီး စသည်ဖြင့် ပိုင်းခြားသတ်မှတ်ခြင်းတွင်လည်း အသီးသီးတည်သော ဝိသေသကို တိုင်းထွာသည့်သဘောပင် ဖြစ်ပေသည်။

(ခ)

လူငယ်၊ လူလတ်၊ လူကြီးတို့၏ ဝိသေသများကို ပိုင်းခြားသတ်မှတ်ကြရာတွင် လူငယ်၏ဝိသေသကို အထူးပြု၍ ဖော်ပြကြသည်ကို တွေ့ရသည်။ လူငယ်သည် ဘဝ၏ပျိုးထောင်စအရွယ် ဖြစ်သည်။ လူငယ်၏ ဝိသေသကို ပို၍အထူးပြုကာ ဖော်ပြကြခြင်းဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် လူငယ်ဘဝမှစတင်၍ လူလတ်၊ လူကြီး ဘဝများသို့ အဆင့်ဆင့်ပြောင်းလဲကာ တိုးတက် တည်ထောင်သောကြောင့် ဖြစ်သည်။ စစ်မဖြစ်မီခေတ် ကိုလိုနီဘဝက လူငယ်တို့ကို (တက်လူ)ဟု ခေါ်ခဲ့ကြသည်။

တက်လူဟူသော ဝေါဟာရ ထိုအခါက ခေတ်စားခဲ့သည်။ ယင်းသို့ တက်လူဟုခေါ်သည်မှာ အခြားကြောင့်မဟုတ်။ လူငယ်တို့၏ ကြိုးပမ်းမှုသည် အရေးကြီးသည်ဟူသောသဘော၊ တိုးတက်နေသည်ဟူသော သဘောကို ဖော်ပြလိုသောကြောင့် ဖြစ်ပေသည်။

မြန်မာနိုင်ငံရေးသမိုင်းကိုကြည့်လျှင် လူငယ်တို့၏ ကဏ္ဍသည် ကြီးကျယ်လှသည်ကို တွေ့နိုင်သည်။ စစ်မဖြစ်မီခေတ်ကာလ ကိုလိုနီ

mgyoe.com

mgyoe.com


ခေတ်က အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုတွင် လူငယ်များစတင်သည်ကို အထင်အရှားတွေ့နိုင်သည်။

၁၉၂၀ ပထမကျောင်းသားသပိတ်သည် လွတ်လပ်ရေးအစကာလကို အထူးပြု၍ပြောရသော လှုပ်ရှားမှုဖြစ်ပေသည်။ သမိုင်းဆရာတို့က ဝံသာနုခေတ်၊ အမျိုးသားလှုပ်ရှားမှုခေတ် စသည်ဖြင့် အထူးပြုဖော်ပြခဲ့ကြသည်။

အတွေးအခေါ် ပညာရှင်များ၊ စာပေအနုပညာရှင်များက နုပျိုသောဘဝကို 'တက်သစ်စ နေဝန်း' ဟု ဖွဲ့နွဲ့ဖော်ပြခဲ့ကြသည်ကိုတွေ့ရသည်။ တစ်နေ့တာ ခရီးလမ်းကြောင်းကို တိုင်းတာဖော်ပြရာတွင် တက်သစ်စနေဟူ၍ ထွက်ခါစ, နေမင်း၏ ဝိသေသကိုဖော်ပြခြင်းဖြစ်ပေသည်။

တက်သစ်စ, နေဝန်း၊ တက်လူ စသည်ဖြင့် ဖော်ပြကြသကဲ့သို့ပင် စာပေအနုပညာဘက်တွင်လည်း ပွင့်သစ်စဟူသော စကားလုံးကိုသုံးခဲ့ကြသည်။

ပွင့်သစ်စ, ကလောင်ရှင်၊ ပွင့်သစ်စ, အနုပညာရှင်စသည်ဖြင့် ဖော်ပြကြသည်။ ပွင့်သစ်စ, ပန်းသည် နုပျိုခြင်း၊ လှပခြင်း၊ အားကောင်းခြင်း၊ လန်းဆန်းခြင်း၊ ရဲရင့်ခြင်း စသော ဝိသေသများ ပြည့်စုံသည်ကို တင်စား၍ ပွင့်သစ်စ,ဟူသော စကားလုံးကို သုံးကြခြင်းဖြစ်ပေသည်။

လူငယ်ဟူသည် မိမိကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ မှန်သည်ထင်ရာကို ရဲရဲရင့်ရင့် မဆုတ်မတွန့် စိုက်စိုက်မတ်မတ် ဆောင်ရွက်တတ်သည်။ ထို့ကြောင့်ပင် သမိုင်းသစ်ကဏ္ဍကို ဖွင့်လှစ်ရှေ့ဆောင်သူများမှာ လူငယ်ဖြစ်သည်ကို တွေ့နိုင်ကြပေသည်။

လွန်ခဲ့သော အနှစ် ၅၀ခန့်က ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းတည်ထောင်သူ လူငယ်တို့မှာ ထိုအခါက ရဲရင့်သော၊ ကိုယ်ကျိုးမဖက်သော၊ ကျောင်းသားသမဂ္ဂနှင့် တို့ဗမာအစည်းအရုံးဝင်များ

mgyoe.com

mgyoe.com


ဖြစ်သည်ကို တွေ့နိုင်ပေသည်။ ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအခါက အသက်၂၇ နှစ်အရွယ် လူငယ်ဖြစ်သည်။

နိုင်ငံရေးသမိုင်းတွင်သာမဟုတ် စာပေသမိုင်း၊ အနုပညာသမိုင်းတို့ကို လေ့လာလျှင်လည်း စာပေသစ်သမိုင်းတို့ကို လူငယ်များပင် စ,တင်ကြသည်ကို တွေ့ကြရပေမည်။

လူငယ်တို့သည် အဘယ်ကြောင့် သမိုင်းသစ်စတင်ဖွင့်လှစ်သူများ ဖြစ်ကြသလဲ။ သူတို့သည် ရဲရင့်သောကြောင့် ဖြစ်ပေသည်။

(ဂ)

သမိုင်းသစ်ကို စတင်ဖွင့်လှစ်သော၊ လူငယ်တို့၏ ရဲရင့်စိတ်ကို တွန်းပို့ပေးသောအရာကား လွတ်လပ်ရေးဟူသော ယုံကြည်ချက်ဖြစ်သည်။ တစ်နည်းဆိုရသော် လွတ်လပ်ရေးယုံကြည်ချက်၊ လွတ်လပ်ရေး၊ အတွေးအခေါ်၊ လွတ်လပ်ရေးသဘောတရား၊ လွတ်လပ်ရေး ဒဿနဖြစ်သည်။ ယင်းအယူအဆ အတွေးအခေါ်သည် မိုးပေါ်ကကျလာသည် မဟုတ်။ သူတို့၏ ဘ၀အတွေ့အကြုံမှ ရရှိထားခြင်းဖြစ်သည်။

ဘ၀အတွေ့အကြုံဟူသည် ကြီးသည်ငယ်သည်မဟုတ်။ သူ့အတိုင်းအတာနှင့်သူ။ သမိုင်းခေတ်ကိုဖြတ်သန်းလာရသူတို့သည် တွေ့ရမြဲဖြစ်သည်။

လူငယ်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ဟု မိမိတို့၏ အဖွဲ့အစည်းကိုခေါ်ခဲ့ကြသည်။ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဟု ခေါ်ခဲ့ကြသည်။ ဤသည်မှာ အခြားကြောင့်မဟုတ် လွတ်လပ်ရေးဟူသော အတွေးအခေါ်က စေ့ဆော်ပေးသောကြောင့် ယင်းသို့လွတ်လပ်ရေးယုံကြည်ချက်ကို မိမိတို့ပါ၀င်သော အဖွဲ့အစည်းတွင် ထည့်သွင်းဖော်ပြရခြင်းဖြစ်ပေသည်။

အကြောင်းမဲ့ လွတ်လပ်ရေးအမည်ကို မှည့်ခေါ်ထားခြင်းမဟုတ်

mgyoe.com

mgyoe.com


ပေ။ လူငယ်တို့သည် သူတို့ပညာသင်ကြားရသော ကျောင်းကြီးများမှ စာအုပ်များတွင် ပါဝင်သော အမေရိကန်တော်လှန်ရေး၊ ပြင်သစ် တော်လှန်ရေး။ ၁၉၂၀ ဝံသာနုအမျိုးသားလှုပ်ရှားမှု၊ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဖက်ဆစ်တော်လှန်ရေး စသော အကြောင်းအရာများကို သင်အံဖတ်ရှုခဲ့ကြရသည်။

လွန်ခဲ့သော အနှစ်၂၀၀မှ ဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေးမှ လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ ညီအစ်ကိုကဲ့သို့ သွေးစည်းညီညွတ်ရေး စသော အယူအဆ၊ စကားလုံးများကို သူတို့သိနေကြသည်။

ထို့ကြောင့်ပင်လျှင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် စသည်အားဖြင့် လွတ်လပ်ရေးဟူသော စကားလုံးထည့်သွင်း၍ အမည်များကို မှည့်ခေါ်ကြခြင်းဖြစ်သည်။ အကြောင်းမဲ့ မဟုတ်ပေ။

စာပေအသစ်၊ အနုပညာအသစ်တို့ ပေါ်ထွန်းရာတွင်လည်း ယင်းသို့ပင် လွတ်လပ်ရေးအယူအဆ၊ လွတ်လပ်ရေးအတွေးအခေါ်က တွန်းပေးသောကြောင့်ဖြစ်သည်ကို တွေ့နိုင်သည်။

ခေတ်စမ်းစာပေခေတ်မှကြည့်လျှင် အစဉ်အလာဟောင်းတို့သည် စာပေနှင့်အနုပညာဖန်တီးမှုတို့ကို အနှောင်အဖွဲ့အချုပ်အချယ်ပြုသောအခါ လွတ်လပ်ရေးအတွေးအခေါ်များ ဝင်လာကြသည်။ ယင်းလွတ်လပ်ရေးအယူအဆကြောင့်ပင် စာပေအနုပညာအသစ်ကို ရှာဖွေစမ်းသပ်ကြခြင်း ဖြစ်သည်။ ထိုအခါ အသစ်သို့ပြောင်းလဲရေးရှုလိုသော အယူအဆ၊ အဟောင်းကို ထိန်းသိမ်းစောင့်ရှောက်လိုသော အယူအဆများ ပေါ်ပေါက်လာကြသည်။ ယှဉ်ပြိုင်လာကြသည်။

လူငယ်တို့သည် အသစ်ကိုရှေးရှုပြောင်းလဲလိုသော အယူအဆရှိတတ်ကြသည်။ လူကြီးပိုင်းတို့က အဟောင်း(ရှေးဟောင်းမှု)ကို ထိန်း

mgyoe.com

mgyoe.com


သိမ်းစောင့်ရှောက်လိုသော အယူအဆရှိတတ်ကြသည်။ ဤသည်မှာ သဘာဝကျသည်ဟု ဆိုနိုင်သည်။ ယင်းအယူအဆ နှစ်ရပ်ကြားမှာ နေသော အလယ်အလတ်အယူအဆလည်း ရှိနိုင်သည်။ ယင်းကို လူလတ်ပိုင်းတို့က လက်ခံတတ်ကြသည်။

အမှန်အားဖြင့် အတွေးအခေါ် အယူအဆဟူသည် အသက်အရွယ်က ပြဌာန်းသည်ကားမဟုတ်ပေ။ သို့သော် အသစ်အယူအဆ၊ အဟောင်းအယူအဆ၊ အလယ်အလတ်အယူအဆ စသည်တို့ကား လူ့အဖွဲ့အစည်းတွင် ရှိနေတတ်ပေသည်။

စာပေအနုပညာလောကတွင်လည်း အသစ်ဖန်တီးရေး အယူအဆ၊ အလယ်အလတ်အယူအဆ၊ အဟောင်း(ရှေးဟောင်းမူ)ထိန်းသိမ်းရေး အယူအဆတို့သည်လည်း ရှိနေပေသည်။ ယင်းအယူအဆများဖြင့် စာပေခေတ်၊ အနုပညာခေတ်တို့ကို တည်ဆောက်လျက်ရှိနေပေသည်။

ကလျာမဂ္ဂဇင်း အမှတ် ၅၅၊
စက်တင်ဘာ ၁၉၈၉။

❑

mgyoe.com

mgyoe.com

# နုပျိုသောစာပေဘဝနှင့် ပြင်ပကမ္ဘာ

(က)

လူ့သက်တမ်းကို အကြမ်းအားဖြင့် ပိုင်ခြားရာတွင် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ သတ်မှတ်ခဲ့ကြရာ ပထမအရွယ်သည် ပညာရှာသောအရွယ်ဟု ဆိုခဲ့ကြသည်။ ပညာရှာသည်ဆိုသည့် အဓိပ္ပာယ်မှာ ကျယ်ဝန်းလှသည်။ လူတို့သည် အရွယ်ရောက်သည့်တစ်ပြိုင်နက် ကလေးဘဝကျောင်းနေသည်မှ စ၍ကြည့်လျှင်ပင် လူ့ဘဝနှင့် ထိတွေ့လာရသည်ကို တွေ့နိုင်သည်။ စာသင်ကြားသော အရွယ်သို့ရောက်သောအခါ ကျောင်းများသို့ သွားခဲ့ကြရသည်။ ဤအရွယ်က,စ၍ ပညာရှာသောအရွယ်ဟု အကြမ်းအားဖြင့် သတ်မှတ်နိုင်ပေသည်။ ကျောင်းဆိုသည်မှာလည်း အဆင့်ဆင့်ရှိကြပေသည်။

ကျောင်းစတင်နေသောအခါ ကျောင်းတွင် သင်ကြားရသော ကျောင်းစာသာမဟုတ်၊ ကျောင်းပတ်ဝန်းကျင်နှင့်လည်း ထိတွေ့ရသည်။ ကျောင်းပတ်ဝန်းကျင်ဆိုသည်မှာ မိမိနှင့်အတူနေသော ကျောင်းသားများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ အရာအားလုံး ပါဝင်သည်။ ပြင်ပတွင် ထိတွေ့ရသော ဘဝအဖြစ်အပျက်၊ ဘဝအတွေ့အကြုံများကို နံရံပြင်ပ

mgyoe.com

mgyoe.com


ပညာရေးဟု ဆိုရပေမည်။ ဤသည်လည်း သူ့နည်းနှင့်သူအရေးကြီးသည်ဟု ဆိုရပေမည်။ ကလေးများသည် ကျောင်းတွင်း၌ ဆရာ,ဆရာမများ၏ သင်ကြားမှုသာမက ပြင်ပလူ့ဘဝ အဖြစ်အပျက်များကို ထိတွေ့လေ့လာ မိကြသည်။ လူတို့၏အတွေးအခေါ်သည် ဤကစ၍ ပေါ်ပေါက်လာကြသည်။ လောက, အဖြစ်အပျက်၊ လူ့ဘဝ, အဖြစ်အပျက်တို့ကလည်း ကလေးတို့ကို ရိုက်ခတ်သည်။

လူ့ဘဝဆိုသည်မှာ မိမိနီးစပ်သော ပတ်ဝန်းကျင်နှင့် ယှက်သန်းနေသော ဘဝဖြစ်၍၊ လောကအဖြစ်အပျက်ဆိုသည်မှာ ဒီထက်ကျယ်ဝန်းသော လူ့လောက, အဖြစ်အပျက်တို့ဖြစ်ကြပေသည်။ စာအတော်အတန်ဖတ်တတ်လာသောအခါ ကျောင်းစာအုပ်များသာမဟုတ်၊ အပြင်တွင်ထွက်ရှိလျက်ရှိသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်များကိုလည်း ဖတ်ရှုလာကြရသည်။ ယင်းသည်လည်း နံရံပြင်ပ ပညာရေးဟု ဆိုနိုင်ပေသည်။

ငယ်စဉ်ကမူ အတွေ့အကြုံကနည်းသေး၍ စာအုပ်ထဲတွင်ပါရှိသော အကြောင်းအရာများကိုသာ သိရှိမှတ်သားခဲ့ရသည်။ တဖြည်းဖြည်းကြီးပြင်းလာသည့်အလျောက် လူ့ဘဝအဖြစ်အပျက်၊ လောကအဖြစ်အပျက်များနှင့် ထိတွေ့ဆက်ဆံရသောအခါ ပိုမိုကျယ်ပြန့်သော အထိအတွေ့ကြောင့် တွေးစရာ၊ စဉ်းစားစရာများ ပေါ်လာသည်။ သူတို့ထိတွေ့ရသော လောကအဖြစ်အပျက်နှင့် စာအသိကို ယှဉ်တွဲညှိနှိုင်းလာစပြုလာသည်။ အမှန်တရားကို ရှာဖွေစပြုလာသည်။ ကလေးငယ်သည် စာသင်ခန်းထဲတွင် ဆရာ၊ စာအုပ်များနှင့် ထိတွေ့ရသည်။ ကျောင်းကစားကွင်းတွင် မိမိ၏အဖော်များနှင့် ထိတွေ့ဆက်ဆံရသည်။ ကျောင်းပရဝုဏ်အတွင်းမှ ထွက်လိုက်သောအခါ ပြင်ပကမ္ဘာနှင့်ထိတွေ့ရသည်။ အိမ်ရောက်သောအခါ မိဘဆွေမျိုးတို့နှင့် ထိတွေ့ရသည်။ ဤအထိအတွေ့

mgyoe.com

mgyoe.com


များသည် အလကားမဟုတ်ပေ။ မိမိဘဝတွင်တွေးစရာ၊ စဉ်းစားစရာများ ဖြစ်သော အထွေထွေပတ်ဝန်းကျင်များ ဖြစ်ကြသည်။

ယင်းသို့ထိတွေ့ရာတွင် မိမိနှင့်မသင့်မြတ်မှုရှိမည်။ သင့်မြတ်မှုရှိသည်။ ဤသည်တို့ကို စတင်ဖြေရှင်းရသည်။ တဖြည်းဖြည်း ကြီးပြင်းလာသောအခါ ပို၍အထိအတွေ့များလာသည်။ လူ့ဘဝအတွေ့အကြုံကလည်း ပို၍စုံလင်လာသည်။ ဤသည်တို့မှာ လူတို့၏အတွေးအခေါ်ကို ထက်သန်အားကောင်းလာစေသော ဖွံ့ဖြိုးမှုဘဝအစဟု ဆိုရပေမည်။

(ခ)

စစ်မဖြစ်မီ ကိုလိုနီခေတ်ကာလက မျိုးညွန့်မဂ္ဂဇင်းတွင် ကိုအောင်ဆန်းသည်'လောကဝိဟာ'အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးဖူးသည်။ သူသည် ပါဠိတတ်ကျွမ်းသူဖြစ်၍ 'လောကဝိဟာ'ဟူသော ပါဠိအမည်ဖြင့်ပင် ဆောင်းပါးကိုခေါင်းစဉ်တပ်ပေးသည်။ လောကဆိုသည်မှာ လူများနေထိုင်သော ကမ္ဘာဖြစ်၍ ဝိဟာဆိုသည်မှာ ကျောင်းဖြစ်သည်။ ပြင်ပကမ္ဘာကြီးက သင်ကြားပေးသော ကျောင်းဟုဆိုလိုသည်။ ပြင်ပကမ္ဘာမှ သင်ကြားရမည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ယနေ့ပြောဆိုနေသော ကျောင်းနံရံပြင်ပ ပညာရေး(ယနေ့အခေါ်ဖွံ့ဖြိုးမှု)ဖြစ်သည်။

ဗိုလ်အောင်ဆန်း၏အယူအဆမှာ လေးနက်သည်ဟုဆိုရမည်။

စာပေအနုပညာ ဝါသနာထုံသော လူငယ်များသည် မိမိသန်ရာ ဝတ္ထု၊ ကဗျာ၊ ဂီတ၊ ပန်းချီစသည်များကို ဖွဲ့နွဲ့ကြသောအခါ ပြင်ပကမ္ဘာမှ အကြောင်းအရာများကို စတင်ဖွဲ့နွဲ့ကြရသည်။ ကျောင်းခန်းတွင် သင်ကြားခဲ့ရသောစာအုပ်များ၊ ပန်းချီလေ့ကျင့်ခန်းများ၊ သီဆိုခဲ့ရသောသီချင်းများဖြင့် တင်းတိမ်၍မရ၊ ဝတ္ထုရေးသောအခါ မိမိအတွေ့အကြုံကို အခြေပြု၍ရေးရသည်။ ပန်းချီရေးသောအခါလည်း ကျောင်းတွင် ပုံဆွဲဆရာက သင်ကြားပေးသော စားပွဲပေါ်တင်ထားသော သစ်တော်သီး၊ ဘောလုံး၊

mgyoe.com

mgyoe.com



စာအုပ်၊ စက္ကူဘူးများ စသည့်အရာဝတ္ထုများကို မျက်မြင်ကြည့်၍ ရေးရသော အလေ့အကျင့်သာမက ပြင်ပတွင်တွေ့ရသော တောတောင်ရေမြေ လူနေအိမ်ခြေတို့ကို ကူး၍ရေးကြရသည်။

ဤသည်ကစ၍ နုပျိုသောစာပေနှင့် အနုပညာဘဝသည် ပြင်ပကမ္ဘာနှင့် ထိတွေ့ရသည်။

ပြင်ပကမ္ဘာကို လေ့လာမှသာလျှင် ကျယ်ဝန်းသောအကြောင်းအရာကို ရရှိမည်။ လေ့ကျင့်စကမူ မိမိ၏အတွေ့အကြုံနည်းပါးသည့်အလျောက် ကျယ်ကျယ်ဝန်းဝန်း နှံ့နှံ့စပ်စပ်သိမြင်ခဲ့ရသည်မဟုတ်ပေ။ တဖြည်းဖြည်း ကြီးပြင်းလာသောအခါ ဘဝအတွေ့အကြုံများလည်း ကျယ်ဝန်းမြားမြောင်လာသည့်အလျောက် မိမိထိတွေ့ရသော ပတ်ဝန်းကျင်အကြောင်းအရာတို့ကို ဖွဲ့ရသည်။

မိမိဘဝ အတွေ့အကြုံများလျှင် များသည့်အလျောက် မိမိအဖွဲ့အနွဲ့သည်လည်း ပို၍တောက်ပလာသည်။ အသက်နှစ်ဆယ်ဝန်းကျင် စာပေဘဝတွင် အချစ်အကြောင်းကို ယေဘုယျအားဖြင့် ဖွဲ့နွဲ့တတ်ကြသည်။ ဂီတဘက်တွင်လည်း ထို့အတူပင် ဖြစ်တတ်ကြသည်။ သူတို့၏ ဘဝအစလူငယ်ပေါက်တို့သည် မိမိတို့၏ အစောဆုံးသော အတွေ့အကြုံအဖြစ် အချစ်နှင့်တွေ့ကြုံတတ်ကြသည်။ အချစ်ခံစားမှုသည် အရွယ်ရောက်စတွင် တွေ့ကြုံရသောခံစားမှုဖြစ်သည်။ ထိုအခါ မိမိခံစားမှုကို အနုပညာဖြင့် စိတ်ကူးဖွဲ့နွဲ့သောအခါ အချစ်အကြောင်းအရာတို့ကို ရေးဖွဲ့တတ်ကြသည်။ ဝတ္ထုတွင်ဖြစ်စေ၊ ကဗျာတွင်ဖြစ်စေ၊ သီချင်းတွင်ဖြစ်စေ အစောဆုံးဖွဲ့နွဲ့သည်မှာ အချစ်ခံစားမှုဖြစ်ပေသည်။ အချစ်အကြောင်း ဖွဲ့နွဲ့သည်ဆိုသော်လည်း မိမိရေးသော ဝတ္ထုထဲတွင် သို့မဟုတ် ကဗျာထဲတွင် အချစ်အကြောင်း တစ်ခုတည်းကိုသာ ကန့်သတ်ရေးဖွဲ့ရသည် မဟုတ်ပေ၊ အချစ်ဖြစ်ပွားရာလူ့ဘဝ၊ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း တို့

mgyoe.com

mgyoe.com


အကြောင်းအရာသည်လည်း အနည်းနှင့်အများဆိုသလို ပါလာရသည်။ သို့သော် ငယ်ရွယ်နုပျိုစဉ်က အတွေ့အကြုံနည်းသေးသဖြင့် လူ့အဖွဲ့အစည်းကို နောက်ခံကားအဖြစ် ထားသောအခါ ပထမတော့ ကျယ်ကျယ် ပြန့်ပြန့် ဟုတ်ချင်မှဟုတ်မည်။ သို့သော် လူငယ်သည် တဖြည်းဖြည်း ကြီးရင့်သည့်အလျောက် အတွေ့အကြုံများကလည်း ကျယ်ဝန်းများပြားလာသည်။ ထိုအခါ အချစ်ကိုမူတည်ရေးသော်လည်း လူ့ဘဝ၏အကြောင်းအရာတို့သည်လည်း ပါလာရစမြဲဖြစ်သည်။

ကမ္ဘာကျော် ဝတ္ထုကြီးများကိုကြည့်လျှင် အချစ်ဝတ္ထုများဖြစ်သည်ကို တွေ့နိုင်သည်။ သို့သော် ယင်းတို့သည် အချစ်ဝတ္ထုသက်သက်မဟုတ်ဘဲ၊ အချစ်တစ်ခုတည်းကိုသာ ဇာတ်ဖွဲ့ထားသည်မဟုတ်ဘဲ အချစ်စတင်ဖြစ်ပွားရာ ကမ္ဘာလောကကြီးကိုလည်း ဖွဲ့နွဲ့ဖော်ပြသည်။ ဤဖွဲ့နွဲ့ဖော်ပြခြင်းက မိမိတို့၏အနုပညာကို ပို၍ကြီးကျယ်အောင် ပြုလုပ်ပေးခြင်းဖြစ်သည်။ ရာမယနဇာတ်တော်ကြီးမှ စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုကြီးအထိကြည့်လျှင် အချစ်မပါမဟုတ် ပါရသည်။ သို့သော် ကျဉ်းမြောင်းသောအချစ်တစ်ခုတည်းကိုသာ ဖွဲ့နွဲ့ထားခြင်းမဟုတ်ပေ။ မိမိပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း အကြောင်းအရာများကို မည်မျှလောက် ကျယ်ဝန်းစွာ၊ ပြည့်စုံစွာ၊ မြားမြောင်စွာ ဖွဲ့နွဲ့ဖော်ပြထားသည်ကို မူတည်၍ ဝတ္ထုစာပေသည် ကြီးကျယ်ထင်ရှားလာရသည်ကို တွေ့ရှိနိုင်ပေသည်။

ကလျာမဂ္ဂဇင်း အမှတ် ၅၆၊
အောက်တိုဘာ ၁၉၈၉။

❑

mgyoe.com

mgyoe.com

# နုပျိုသောစာပေအနုပညာဘဝနှင့် အသက်မွေးဝမ်းကျောင်းမှု

## (က)

ကျွန်တော့်မှာ အလွန်ငယ်စဉ်ကပင် အတန်းကျောင်းသို့နေခဲ့ရ၍ ဘုန်းကြီးကျောင်းပညာရေးကို သိပ်မခံစားရ။ နည်းနည်းအရွယ်မရောက် တရောက်အချိန် ရှင်ပြုသည့်အခါမှလောက်သာ ဘုန်းကြီးကျောင်း ခံစားမှုကို မြင်တွေ့သိရှိခဲ့ရသည်။ နောင်ကြီးလာသောအခါ ကျွန်တော်ဘုန်းကြီးကျောင်း နေချင်စိတ်ရှိလာသည်။ ဘုန်းကြီးကျောင်းမှာ ပရိတ်ကြီးက အနိမ့်ဆုံးထား၍ သင်္ဂြိုဟ်အထိပင် ဘုန်းကြီးများက သင်ကြားပေးခဲ့သည်။ ဘုန်းကြီးကျောင်းတွင် ဗုဒ္ဓစာပေသာမက ကဗျာလင်္ကာများကိုလည်း သင်ပြပေးသည်။ ဆန်းအလင်္ကာကျမ်းများကို သင်ကြားပေးကြသည်။

ကျွန်တော် သင်ကြားချင်သည်။ သို့သော် ဘုန်းကြီးကျောင်းတွင် ကြာကြာမနေလိုက်ရ၍ အပြင်မှ စာအုပ်များကိုဖတ်ကာ ဆန်းအလင်္ကာများကို လေ့လာမှတ်သားရသည်ကို သတိရနေသည်။

ယနေ့ခေတ်သစ်တွင်ကား အစိုးရကျောင်းများ ပေါ်ပေါက်လာပြီဖြစ်၍ အစိုးရကျောင်းများတွင် ပညာရှာမှီးကြရသည်။ ကျောင်းများတွင်

mgyoe.com

mgyoe.com


အောင်လက်မှတ်၊ ဘွဲ့၊ ဘွဲ့လွန်ပညာရပ်များအထိ သင်ကြားနိုင်ကြပြီ။ ယင်းသို့ကျောင်းမှ ထွက်သောအခါ တစ်နေရာတွင် အလုပ်လုပ်ကြရသည်။ အစိုးရဌာနတွင်ဖြစ်မည် သို့မဟုတ် အခြားပုဂ္ဂလိကလုပ်ငန်းတွင် ဖြစ်ချင်ဖြစ်မည်။ ဤသည်ကို ဒုတိယအရွယ်တွင် ဥစ္စာရှာရသည်ဟူသော သဘောပင်ဖြစ်မည်ဟု ယူဆရသည်။

ရှေးအခါကတော့ အရောင်းအဝယ်လုပ်ငန်းဖြစ်ချင်ဖြစ်မည်၊ ဥစ္စာရရာရကြောင်း အလုပ်များကို လုပ်ကြရသည်။ ဤသည်ကိုပင် ဒုတိယအရွယ်တွင် ဥစ္စာရှာရသည်ဟု ပြောခြင်းဖြစ်မည်။ ယနေ့ခေတ်တွင်ကား လခစားအလုပ်တစ်ခုကို လုပ်ခြင်းဖြစ်မည်။ တစ်နည်းအားဖြင့်ဆိုသော် အသက်မွေးဝမ်းကျောင်းအလုပ်ဟု ပြောရပေမည်။ အင်္ဂလိပ်ကိုလိုနီခေတ်ကမူ ကျောင်းများတွင် ပညာသင်ကြားရသည်မှာ ပညာဗဟုသုတရရန်အတွက်မဟုတ်ဘဲ ကျောင်းကထွက်လျှင် လခစား အလုပ်တစ်ခုလုပ်ရန် ရည်ရွယ်သည်က များသည်။ အနည်းဆုံး အစိုးရရုံးတစ်ရုံးတွင် စာရေးစာချီအဖြစ်မှ ဒီထက်ဘွဲ့များရလျှင် မြို့အုပ်၊ ဝန်ထောက်စသည်ဖြင့် ရာထူးများကို မျှော်မှန်းတတ်ကြသည်။

ကျောင်းနေကတည်းက ဤကဲ့သို့သော အစိုးရအမှုထမ်းလုပ်နိုင်ရန် ရည်ရွယ်ချိန်မှန်း၍ သင်ကြားကြလေသည်။ ဤသည်ကိုဥစ္စာရှာခြင်းဟုဆိုသော် ရနိုင်သည်။

အသက်မွေးဝမ်းကျောင်း ပညာရပ်ဟူသော စကားရပ်မှာ ကျယ်ဝန်းလှပေသည်။ အထူးသဖြင့် အရင်းရှင်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် စသည်ဖြင့် ခေတ်ပေါ်စီးပွားရေးစနစ်များအောက်တွင် အသက်မွေးဝမ်းကျောင်းမှုဟူသော လုပ်ငန်းသည် ဘဝပုံသဏ္ဌာန်တစ်ခုဖြစ်သည်ဟု ဆိုရပေမည်။

mgyoe.com

mgyoe.com



(ခ)

အသက်မွေးဝမ်းကျောင်းမှုဟူသော စကားရပ်၏ အဓိပ္ပာယ်မှာ ဘဝတည်ရှိရေးအတွက် သို့မဟုတ် စားဝတ်နေရေးအတွက် လုပ်ကိုင်ရသော အလုပ်ဟူသော အဓိပ္ပာယ်ရသည်။ ပထမအရွယ်တွင် ပညာသင်ကြားတတ်မြောက်ပြီးသောအခါ၊ ဒုတိယအရွယ်တွင် အသက်မွေးဝမ်းကျောင်းမှုအတွက် အလုပ်တစ်ခု တစ်ခုကိုလိုချင်ကြသည်။ ဥစ္စာရှာခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ယူနိုင်သည်။ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများမှာ စီးပွားရေးစနစ်ပေါ်တွင် မူတည်၍ အမျိုးမျိုးရှိနိုင်သည်။ အရင်းရှင်စီးပွားရေစနစ်ရှိသော နိုင်ငံများတွင် အစိုးရအမှုထမ်းများသာမဟုတ် ပုဂ္ဂလိက လုပ်ငန်းအသီးသီးတွင် လုပ်ကိုင်ကြသော လုပ်ငန်းတို့မှာလည်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်ဟု ဆိုနိုင်သည်။ လခစားဖြစ်ချင်ဖြစ်မည်၊ ပုတ်ပြတ်ဖြစ်ချင်ဖြစ်မည်။

ဆိုဗီယက်နိုင်ငံလို ဆိုရှယ်လစ်စနစ် တင်းပြည့်နိုင်ငံတွင်ကား ပုဂ္ဂလိကလုပ်ငန်းဟူ၍ လုံးဝမရှိဖြစ်ပေရာ လခစားအမှုထမ်းလုပ်ငန်းသည်သာ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအဖြစ်ရှိနေပေသည်။ အရင်းရှင်နိုင်ငံမှာကဲ့သို့ ကုန်သည်၊ ပွဲစား၊ ဈေးသည်၊ ပုဂ္ဂလိကလုပ်ငန်းစသော အလုပ်များရှိသည်မဟုတ်ပေ။ သို့ဖြစ်ရာ ဆိုဗီယက်ပြည်ထောင်စုကဲ့သို့သော ဆိုရှယ်လစ်စနစ် စီးပွားရေးနိုင်ငံများတွင် အားလုံးသည် နိုင်ငံတော်၏ လခစားအမှုထမ်းများ ဖြစ်နေသည်ကိုတွေ့ရသည်။

နိုင်ငံရေးရာထူးဖြစ်သော ဝန်ကြီး၊ ပါတီအတွင်းရေးမှူးတို့ပင်လျှင် လခစားများဖြစ်နေကြသည်။ အကယ်၍ ဝန်ကြီးရာထူး သို့မဟုတ် အတွင်းရေးမှူး၊ ပါတီအတွင်းရေးမှူး စသည်များမှ ပြုတ်သွားလျှင် မိမိတို့၏အသက် မွေးဝမ်းကျောင်းမှု ပညာဖြင့်သာလျှင် လုပ်ကိုင်စားသောက်နေရသည်။

mgyoe.com

mgyoe.com


ကရူးရှေ့ဗ်သည် ပါတီရာထူးမရမီက အင်ဂျင်နီယာတစ်ယောက် ဖြစ်သည်။ အကယ်၍ သူသည် နိုင်ငံရေးရာထူးမှပြုတ်လျှင် မိမိ၏ အသက်မွေးဝမ်းကျောင်းမှု ပညာရပ်ဖြစ်သော အင်ဂျင်နီယာပညာဖြင့် လုပ်ငန်းတစ်ခုလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းနိုင်ပေမည်။ လခစား အမှုထမ်းတစ်ယောက်သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု လုပ်နေသည်ဟု မှတ်ယူရပေမည်။

ဤသို့အားဖြင့် ဒုတိယအရွယ်တွင် ဥစ္စာရှာရမည်ဟူသော စကား ရပ်မှာ ယနေ့ခေတ်သစ်တွင် လခစားအမှုထမ်းဘဝဖြင့် ဥစ္စာရှာသည့် လုပ်ငန်းတစ်ခု အပါအဝင်ဖြစ်သည်ဟု အဓိပ္ပာယ်ထွက်ပေသည်။

(ဂ)

စာပေအနုပညာဘဝတို့သည်လည်း အသက်မွေးဝမ်းကျောင်းဘဝ နှင့် ဆက်စပ်နေသည်။ လူသားတိုင်းသည် မိမိဘဝရပ်တည်ရေး(ဝါ) စားဝတ်နေရေးအတွက် လုပ်ကိုင်ကြရသည်။ ဒီထဲတွင် အနုပညာရှင်နှင့် စာရေးဆရာတို့သည်လည်း မပါဝင်မဟုတ်ပေ။ သို့သော် သူတို့သည် လခစားအမှုထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းကြသည် မဟုတ်ပေ။ သူတို့သည် မိမိ၏ အနုပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်သည်ဟု ဆိုနိုင်သည်။

လူတိုင်းသည် အလုပ်သမားဖြစ်သည်ဟူသော အယူအဆတစ်ရပ် ဖြစ်သည်။ ယင်းအယူအဆဖြင့်ဆိုလျှင် ကာယအလုပ်သမား၊ ပညာဖြင့် လုပ်သော ပညာအလုပ်သမား စသည်ဖြင့်သာလျှင် ခြားနားမည်။ စာရေး ဆရာ၊ ကဗျာဆရာစသော သူများသည် အနုပညာ အလုပ်သမားများဖြစ် ကြသည်။ သို့သော် သူတို့သည်လခစား အလုပ်သမားများမဟုတ်၊ ပုတ် ပြတ်ဖြင့်လုပ်သော အလုပ်သမားဟု ဆိုလျှင်ရမည်။

ဝတ္ထုတစ်ပုဒ်လျှင် ဘယ်မျှ၊ သီချင်းတစ်ပုဒ်လျှင်ဘယ်မျှ၊ ကဗျာတစ်

mgyoe.com

mgyoe.com


ပုဒ်လျှင် ဘယ်မျှစသည်ဖြင့် တစ်ပုဒ်ချင်းကိုယူ၍ သတ်မှတ်ရသည်။ ထို့ကြောင့် ပုတ်ပြတ်အနုပညာ အလုပ်သမားဟုလည်း သတ်မှတ်၍ရသည်။ အနုပညာစာပေဖြင့် အသက်မွေးဝမ်းကျောင်းသမားသည် အခြားသောလခစား အလုပ်သမားလခစား မင်းအမှုထမ်းများနှင့်ကား မတူ။ လခစားသမားတို့မှာ လခပုံမှန်ရရှိကြသည်။ အနုပညာသမား၊ စာပေသမားတို့ကား ဤကဲ့သို့ပုံမှန်ရရှိသည်မဟုတ်။ မိမိ၏ အနုပညာအလုပ်ကို တည်၍ ဝင်ငွေများရှိကြသည်။

လူကြိုက်များသော အရောင်းရတွင်ကျယ်သော ဝတ္ထုတစ်ပုဒ်ဆိုလျှင် စာမူခများများရသည်။ ထို့အတူပင် လူကြိုက်များသော သီချင်းတစ်ပုဒ်၊ လူအဝယ်များသော သီချင်းတစ်ပုဒ်ကို ရေးစပ်သူ သို့မဟုတ် သီဆိုသူသည် ပရိသတ်လက်ခံခြင်းပေါ်တည်၍ အခကြေးငွေများ ပိုမိုရရှိကြသည်။ သို့ သော် ယင်းအခကြေးငွေများသည် အရှည်အားဖြင့် တည်တံ့ခိုင်မြဲနေသည်ကား မဟုတ်။ လူကြိုက်မများသည်နှင့်တစ်ပြိုင်နက် မိမိစာတစ်ပုဒ် သို့မဟုတ် အနုပညာလုပ်ငန်းတစ်ခု တွင်ကျယ်မှုနည်းလာသည်နှင့် တစ်ပြိုင်နက် အခကြေးငွေလည်း နည်းပါးလာတတ်သည်။ ဤကား စာပေအနုပညာ သမားတို့၏ ထူးခြားသော အသက်မွေးဝမ်းကျောင်းမှုသဘာဝဖြစ်သည်ဟု ဆိုရပေမည်။

မင်းမှုထမ်းသမားများကတော့ မိမိတို့ လုပ်သက်ရင့်လာသည်နှင့်အမျှ လခတိုးလာသည့် သဘောရှိသည်။ ဤသို့တည်ငြိမ်သော သဘောရှိသည်ဟု ဆိုရမည်။ အကယ်၍ လုပ်သက်ပြည့်သွားလျှင်လည်း အငြိမ်းစားလစာရနိုင်သည်။ အနုပညာသမား၊ စာပေသမားများအဖို့ကတော့ ဤကဲ့သို့ အငြိမ်းစားလစာဟူသော သဘောမရှိပေ။

မိမိ၏ စာပေအနုပညာတည်းဟူသော စာသီးပွင့်နေချိန်၊ မိမိ၏ စာပေကို လူအများက နှစ်သက်နေချိန်တွင် ဥစ္စာခနကိုစုလျှင်စု၊ အကယ်

mgyoe.com

mgyoe.com


၍ မိမိ၏စာပေအနုပညာများ သီးပွင့်မှုနည်းလာသည့်အခါ သို့မဟုတ် လူကြိုက်နည်းလာသည့်အခါတွင် ဝင်ငွေနည်းပါးလာတတ်သည်ကို တွေ့နိုင်သည်။

အချို့သော စာရေးဆရာများမှာ လခစားအမှုထမ်းအဖြစ် မိမိ၏ ဘဝ အသက်မွေးဝမ်းကျောင်းပြီး စာပေလုပ်ငန်းကို ပင်မ မဟုတ်ဘဲ အရန်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။

နုပျိုသော စာပေဘဝမှစ၍ အသက်မွေးဝမ်းကျောင်းမှု တွေ့ကြုံလာကြရသည်။ ယင်းအသက်မွေးဝမ်းကျောင်းမှု သဘောကိုမူတည်၍လည်း တချို့သော စာပေအနုပညာဘဝ ပုံပန်းတို့မှာ ပြောင်းလဲတတ်သည်ကို တွေ့ရသည်။

လူသားတို့၏ အတွေးအခေါ်သည် မိမိ၏အသက်မွေးဝမ်းကျောင်းမှု (ဝါ) စားဝတ်နေရေးဘဝပေါ်တွင် မူတည်၍ ဖြစ်ပေါ်ကြရသည်။

ကလျာမဂ္ဂဇင်း အမှတ် ၅၇၊
နိုဝင်ဘာ ၁၉၈၉။

❑

mgyoe.com

mgyoe.com

# နပျိုသောစာပေအနုပညာဘဝနှင့် ဒုတိယအရွယ်(၁)

## (က)

ပထမအရွယ်နှင့် ဒုတိယအရွယ်မှာ ဆက်စပ်လျက်ရှိသည်။ ယနေ့ခေတ်တွင်ကျောင်းများ၌ ပညာသင်ကြားပြီး ကျောင်းမှထွက်သောအခါ အလုပ်လုပ်ကြရသည်။ ဤသည်မှာ ယနေ့လူ့အဖွဲ့အစည်း၏ ဘဝပုံသဏ္ဌာန်တစ်ခု ဖြစ်နေပေသည်။ ကျောင်းကလည်း အမျိုးမျိုးရှိနေပေသည်။ စက်မှု၊ သိပ္ပံ၊ ဝိဇ္ဇာစသည်ဖြင့် ယေဘုယျရှိကြသည်။ ယင်းသို့ကျောင်းအသီးသီးမှ ဘွဲ့များရရှိလာသောအခါ အများအားဖြင့် အစိုးရအမှုထမ်းဖြစ်လာကြသည်။ ဘွဲ့ရသောပညာနှင့် ဆိုင်သူရှိသည်။ အချို့ဘွဲ့ရသောပညာနှင့် ရသောအလုပ် မဆိုင်သူလည်းရှိသည်။

ဤသို့ဖြင့် ဒုတိယအရွယ် ဥစ္စာရှာခြင်းအလုပ်ကို စတင်ကြရခြင်းဖြစ်သည်။ အကယ်၍ အစိုးရဝန်ထမ်းဘက်မဝင်လျှင် ပုဂ္ဂလိကလုပ်ငန်းဘက် ဝင်ကြသူလည်း ရှိကြသည်။ ပုဂ္ဂလိကလုပ်ငန်းများက မြားမြောင်းလှပေသည်။ အများအားဖြင့် စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ အလုပ်အမျိုးမျိုး မည်မျှရှိကြသည်ဖြစ်စေ လခဖြင့်လုပ်ရသော လုပ်ငန်းကများသည်။ ယင်းအလုပ်အားလုံးကို အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း

mgyoe.com

mgyoe.com


ဟု ခေါ်နိုင်ပေသည်။

ထို့ကြောင့် ဒုတိယအရွယ် ဥစ္စာရှာခြင်းဟူသော သဘောတွင် ယနေ့ခေတ် လူ့အဖွဲ့အစည်းနေရာ၌ကား လခစားအလုပ်၊ ဝန်ထမ်းအလုပ်သည် အများဆုံးဖြစ်သည်ဟု ဆိုရပေမည်။ အစိုးရဝန်ထမ်းဘက်တွင်ကား နယ်ဘက်နှင့်စစ်ဘက်ဟူ၍ ရှိပေသည်။ လခစားအလုပ်တွင် ရုံးအမှုထမ်းနှင့် ကုန်ထုတ်အလုပ်သမားများလည်း ပါဝင်ကြသည်။

(ခ)

လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်ကဖြစ်မည်။ ကျွန်တော်၏မိတ်ဆွေစာရေးဆရာကို အကြောင်းကိစ္စရှိ၍သော်လည်းကောင်း ပြောစရာရှိ၍သော်လည်းကောင်း သူလုပ်နေသော စာအုပ်လုပ်ငန်းဌာနသို့ ကျွန်တော်တယ်လီဖုန်းဆက်တတ်သည်။ ဆက်ရင်း ကျွန်တော်က အလုပ်များနေသလားဟု နှုတ်ဆက်တတ်သည်။ ထိုအခါ သူက တိုင်းပြည်နဲ့လူမျိုးအတွက် လုပ်နေတယ်ဗျ။ အလုပ်များတာပေါ့ဟု ပြောပြီး ရယ်မောလေ့ရှိသည်။ သူက ရယ်စရာအဖြစ်ပြော၍ ရယ်မောပြီး ကျွန်တော်ကလည်း ပြန်၍ရယ်မောလေ့ရှိသည်။

သူသည် သူ၏ဘွဲ့ရပညာဖြင့် စာအုပ်ပြုစုရေး အလုပ်တစ်ခုဖြင့် အစိုးရအမှုထမ်းအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ သူနှင့် ကျွန်တော်ရင်းနှီးကြ၍လည်း ဤသို့ရယ်စရာအဖြစ် ပြောခြင်းဖြစ်သည်ကို ကျွန်တော်တို့သိနေသည်။ အမှန်အားဖြင့် သူသည် အစိုးရဝန်ထမ်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသည်ဟုဆိုရမည်။ သို့သော် သူလုပ်ရသောဌာနမှာ စာပေနှင့်ဆိုင်သောဌာနဖြစ်၍ အများနှင့်သက်ဆိုင်သော ဌာနဟုဆိုနိုင်သည်။ စာပေဆိုသည်မှာ အများနှင့်ပတ်သက်သော လုပ်ငန်းဟုဆိုနိုင်သည်။ ပြည်သူ့လုပ်ငန်းဟု ဆိုနိုင်သည်။ စာဖတ်သော သူတို့မှာပြည်သူတို့၏ အစိတ်အပိုင်းဖြစ်သည်။ သို့ဖြစ်၍ ပြည်သူ့လုပ်ငန်းဟု

mgyoe.com

mgyoe.com



ဆိုလိုက်ခြင်းဖြစ်သည်။ ဤသည်ကို ခံစား၍ တိုင်းပြည်နှင့်လူမျိုးအတွက် လုပ်နေတယ်ဟု ပြောခြင်းလည်း ဖြစ်နိုင်သည်။

ရယ်စရာ မောစရာအဖြစ် စကားကြီးကြီးကျယ်ကျယ် သုံးခြင်းလည်း ဖြစ်နိုင်သည်။ စာပေလုပ်ငန်း အနုပညာလုပ်ငန်းဆိုသည်မှာ အများနှင့်သက်ဆိုင်သော လုပ်ငန်းဖြစ်ပေသည်။ စာပေများကို ဖတ်ရှု ခံစား၍ အနုပညာများကို လူတို့၏စိတ်အစာအဖြစ် ဖြည့်တင်းကြရသည်။

စားဝတ်နေရေးမှာ ရုပ်အလိုကိုဖြည့်တင်းခြင်းဖြစ်သည်။ စာပေအနုပညာဆိုသည်ကား ခံစားမှုနှင့်ဆိုင်သည်။ စိတ်နှင့်ဆိုင်သည်။ စာပေခံစားမှုပညာဖြင့် ပြည်သူ့တို့ကို အကျိုးပြုနိုင်သည်။ ဤသည်တို့ကို ဝေဖန်စိစစ်ရခြင်းမှာ လွယ်ကူသည်မဟုတ်ပေ။

သဘောတရားအနေနှင့်သာ ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ လူတို့သည် အရွယ်ရောက်သည်ကစ ဒုတိယအရွယ်သို့ ချဉ်းနင်းဝင်ရောက်လာသောအခါ အသက်မွေးဝမ်းကျောင်းအလုပ်ကို မလုပ်မနေလုပ်ကြရသည်။ ယင်းသို့သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများစွာရှိသည့်အနက် ပညာသင်ကြားပေးသော ဆရာအလုပ်၊ လူတို့၏ ကျန်းမာရေးကို ကုသစောင့်ရှောက်ပေးသော ဆရာဝန်၊ ဆရာမအလုပ်ကို မြင့်မြတ်သောအလုပ်၊ မွန်မြတ်သန့်စင်သော အလုပ်ဟူ၍ ခေါ်ဝေါ်သတ်မှတ်တတ်ကြသည်။

အင်္ဂလိပ်ဘာသာအားဖြင့် Noble Profession ဟုခေါ်ကြသည်။ အသက်မွေးဝမ်းကျောင်း အလုပ်ပင်ဖြစ်သော်လည်း အများကို အကျိုးပြုသောအလုပ်ဟု အစဉ်ကြင်နာရသောအလုပ်၊ မေတ္တာအလုပ်ဟူ၍ ယင်းသို့ မြင့်မြတ်သော၊ မွန်မြတ်သန့်စင်သော ဝိသေသဖြင့် ဖော်ပြကြခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com


တိုင်းပြည်၏ အညွန့်အညှောက်ဖြစ်သော ကလေးများကို ပျိုးထောင်ပြုစုပေးခြင်းဖြစ်၍ ပညာရေးလုပ်ငန်းသည်လည်း မေတ္တာအလုပ်၊ လူသားတို့အတွက် မြင့်မြတ်သောအလုပ်ဟု သတ်မှတ်ခြင်းဖြစ်မည်။

စာပေအနုပညာအလုပ်သည်လည်း ယင်းသို့သော မြင့်မြတ်သော အလုပ်ထဲတွင် ထည့်သွင်းနိုင်သည်ဟု ထင်မိပေသည်။ သူ့လုပ်ငန်းတို့မှာ စိတ်ကို အားကောင်းအောင် ပြုပြင်ပေးသော၊ စိတ်ကို ပြုစုပျိုးထောင်ပေးသော အလုပ်ဖြစ်သည်။

လူတို့တွင် ရိုင်းသောစိတ်နှင့် ယဉ်ကျေးသောစိတ်ဟု ရှိတတ်ကြပေရာ ရိုင်းသောစိတ်ကို နည်းနိုင်သမျှနည်းအောင် ဖယ်ထုတ်၍ ယဉ်ကျေးသောစိတ်ကို တတ်နိုင်သမျှပွားများလာအောင် လုပ်ပေးသောအလုပ်သည် ယဉ်ကျေးမှုအလုပ်ဖြစ်သည်။ ဤသည်ကား ယဉ်ကျေးမှုအလုပ်၏ မူလရည်ရွယ်ချက်ဖြစ်ပေသည်။

တစ်နည်းဆိုရသော် လှပခြင်း၊ သာယာခြင်း၊ ကြည်လင်ရွှင်ပျခြင်းစသော ငြိမ်းချမ်းရေးစိတ်ဓာတ်(ဝါ)တည်ဆောက်ရေးစိတ်ဓာတ်ကို ပေးနိုင်သော အသက်မွေးဝမ်းကျောင်းမှုပညာဟု ဆိုနိုင်သည်။ ကျောင်းဆရာ၊ ဆရာမ၊ ဆရာဝန်၊ သူနာပြုဆရာမ စသောသူတို့နှင့် လုပ်ငန်းချင်းခပ်နွှယ်နွှယ်ဖြစ်သည်။ ယင်းကြောင့်ယင်းလုပ်ငန်းရပ် လုပ်သူများကို ဆရာ၊ ဆရာမဟု ရှေးကာလကတည်းက ခေါ်ဝေါ်ခဲ့ကြသည်။

ရှေးကတည်းကပင် ဆရာသမားဟု အသုံးအနှုန်းရှိခဲ့သည်။ ရှေးအခါ၌မူ ပညာသင်ပေးသော ကျောင်းဆရာအလုပ်ကို ရဟန်းတော်များက မေတ္တာဖြင့်လုပ်ခဲ့ပေသည်။ အသက်မွေးဝမ်းကျောင်းလုံးလုံးမဟုတ်၊ ထို့ကြောင့်ပင် ဆရာတော်ဟူသော အသုံးအနှုန်းရှိခဲ့သည်။

ယခင်ခေတ်က လူ့အဖွဲ့အစည်းနှင့် ယနေ့ခေတ်လူ့အဖွဲ့အစည်းခေတ် မတူကြတော့ပေ။ ရှေးအခါက ပညာသင်ပေးခြင်းအလုပ်နှင့် ဆေး

mgyoe.com